ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမိန့်ကြော်ငြာစာအမှတ် ၇၁ /၂၀၁၇

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

**ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၁၀၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ၊ နည်းဥပဒေ ၁၆၅ နှင့်အညီ ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးတိုးအောင်မြင့်<br>အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးသန်းအောင်ကျော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒေါက်တာကြည်ကြည်သန်းအောင်<br>ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးထွန်းသန်း<br>ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးကျော်ငြိမ်းအောင်<br>ညွှန်ကြားရေးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးကျော်ဆန်းနိုင်<br>ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဆ) ဦးစိုးလွင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန

(ဇ) ဦးသက်နိုင်ဦး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အကောက်ခွန်ဦးစီးဌာန

(ဈ) ဦးဝင်းတင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(ည) ဒေါ်တင်အေးဟန် အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

၂။ ရင်းနှီးမြှုပ်နှံမှု အကူအညီပေးရေးကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၅ နှင့်အညီ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဥပဒေများနှင့်အညီ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၇၀ နှင့်အညီ အကြောင်းကြားစာများ လက်ခံခြင်း၊

(ဂ) ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကြောင့် ထိခိုက်နစ်နာသူက ပေးပို့သည့် တိုင်ကြားစာများကို လက်ခံခြင်း၊

(ဃ) ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကြောင့် ထိခိုက်နစ်နာရခြင်းနှင့်စပ်လျဉ်းသည့် တိုင်ကြားသူ၊ အခြားထိခိုက်နစ်နာသူများ၊ ပါဝင်ပတ်သက်သူများနှင့် ရင်းနှီးမြှုပ်နှံသူအကြားတွင် လိုအပ်ပါက အကူအညီပေးခြင်း၊

(င) အပိုဒ်ခွဲ (ဂ) အရ တိုင်ကြားမှုကို ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့ထံသို့ အသိပေးအကြောင်းကြားခြင်း၊

(စ) အငြင်းပွားမှုနှင့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းသည့်စနစ်တစ်ခုအား (၂၄) လ အတွင်း တည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့တွင် ပါဝင်ကူညီဆောင်ရွက်ခြင်း။

(ကျော်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ မရက-၆/၁/၂၀၁၇ (၀၆၉၃ )

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

ရုံးလက်ခံ/မျှောစာတွဲ